## (၁) ဒေါင်းနီးမှုန့်ရွက်ခြောက်ရောဂါ (Downy mildew)

**ရောဂါဖြစ်စေသောသက်ရှိ-** *Pseudoperonospora cubensis* (Berk. & M.A. Curtis) Rostovtzev 1903

ရောဂါလက္ခဏာ

အရွက်ပေါ်မျက်နှာပြင်တွင် အဝါဖျော့ရောင် (သို့) သံချေးရောင်ဒေါင့်ကွက်များဖြစ် ပေါ် ပြီး အရွက်အောက်ဖက်တွင်ခရမ်းရောင်(သို့) မီးခိုးရောင်မှိုကွက်များတွေ့ရသည်။ ရောဂါပြင်းထန် ပါက အရွက်တစ်ခုလုံးခြောက်သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကိုရွေးချယ်စိုက်ပါ။
- ပင်ခြေတွင်လေဝင်လေထွက်ကောင်းမွန်အောင်စိုက်ပျိုးပါ။
- ပိုတက်ရှ်မြေဩဇာကို မြေခံအဖြစ် မဖြစ်မနေထည့်ပေးပါ။
- ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြုပါ။ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)